# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၃၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၀.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့အမည်စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၃ ရက်၊

(၂) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၉ ရက်၊

(၃) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၄) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်၊

(၅) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၆) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၅ ရက်၊

(၇) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၃ ရက်၊

(၈) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၉) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၁၀) တနင်္သာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၁ ရက်၊

(၁၁) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၅ ရက်၊

(၁၂) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၂ ရက်၊

(၁၃) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၃ ရက်၊

(၁၄) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၁၅) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၅ ရက်၊

(၁၆) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၁၇) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၁ ရက်၊

(၁၈) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၁၉) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့်၅ ရက်၊

(၂၀) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၂၁) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၅ ရက်၊

(၂၂) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့်၂ ရက်၊

(၂၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၂၄) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၂၅) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၂၆) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၂၇) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၁၂ ရက်၊

(၂၈) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၃ ရက်၊

(၂၉) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၁၂ ရက်၊

(၃၀) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၁ ရက်၊

(၃၁) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၃၂) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၂ ရက်၊

(၃၃) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၃၄) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၅ ရက်၊

(၃၅) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၃ ရက်၊

(၃၆) ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ်(ခ)ဦးအူးရယ် ခွင့် ၃ ရက်၊

(၃၇) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၃၈) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁၉ ရက်၊

(၃၉) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ခွင့် ၁ ရက်၊

(၄၀) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊

(၄၁) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၅ ရက်၊

(၄၂) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၄၃) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၁ ရက်၊

(၄၄) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၃ ရက်၊

(၄၅) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက်၊

(၄၆) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၃ ရက်၊

(၄၇) ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၄၈) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဒွေး ခွင့် ၅ ရက်၊

(၄၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၅ ရက်၊

(၅၀) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၁ ရက်၊

(၅၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၅၂) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၅၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၅၄) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၅ ရက်၊

(၅၅) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၅ ရက်၊

(၅၆) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၅၇) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၃ ရက်၊

(၅၈) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၅၉) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၆၀) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၆၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၅ ရက်၊

(၆၂) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၆၃) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၅ ရက်၊

(၆၄) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၆၅) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၃ ရက်၊

(၆၆) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၆၇) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၃ ရက်၊

(၆၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၆၉) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၅ ရက်၊

(၇၀) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၅ ရက်၊

(၇၁) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၇၂) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၈၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှုနှင့် ပြည်ပမှစားအုန်းဆီတင်သွင်းမှု စသည်တို့၏ ကုန်သွယ်မှု မူဝါဒကို ပြုပြင်ပြောင်းလဲရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ကိုယ်စား လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ ကိုယ်စား မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ပြည်ထောင်စုအစိုးရမှ ပြည်တွင်းမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ သား၊ ငါး၊ ပုစွန်ကို သင့်တင့်သောဈေးနှုန်းဖြင့် ပေါများစွာ စားသုံးနိုင်ရန်အတွက် ပြည်တွင်း၌ ကြိတ်ဝါးထုတ်လုပ်သော တိရစ္ဆာန်အစားအစာများဖြစ်သည့် ပဲဖတ်၊ နှမ်းဖတ်၊ ပန်းနှမ်းဖတ်တို့ကို ပြည်ပတင်ပို့ရောင်းချခွင့်ကို ပိတ်ပင်ထားသည်ဟု သိရပါသည်။ သို့သော်လည်း စားသုံးသူပြည်သူများ ကျန်းမာရေးအကျိုးကိုဖြစ်စေတဲ့၊ စားသုံးဆီကို ဖူလုံစေတဲ့ ပြောင်း၊ နှမ်း၊ ပဲပုပ်စေ့တို့ကိုတော့ အတိုင်းအဆမရှိ ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုထားကြောင်းကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ လိုအပ်တဲ့စားသုံးဆီဖူလုံမှုအတွက်ကိုတော့ ပြည်သူများရဲ့ ကျန်းမာရေးဆိုးကျိုးကိုရစေတဲ့ စားအုန်းဆီကို တင်သွင်းခွင့်ပြုထားကြောင်းကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပြည်သူများရဲ့ကျန်းမာရေးကို လျစ်လျူရှုသလိုဖြစ်နေသော စားအုန်းဆီတင်သွင်းနေသည့် စီးပွားရေးမူဝါဒကို ပြုပြင်ပြောင်းလဲရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ကိုယ်စား ဦးဌေးဝင်း၊ လယ်ဝေးမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်တဲ့ ဆီထွက်သီးနှံများရဲ့ ထုတ်လုပ်မှုပမာဏအရ ဆီကြိတ်မယ်ဆိုလို့ရှိရင် တစ်နှစ်လျှင် ဆီတန်ချိန် ၅.၅ သိန်းမှ ၆ သိန်းအထိသာ ရနိုင်ကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ပမာဏအနေဖြင့် စားသုံးမှုနှင့် အခြားသုံးစွဲမှုအပါအဝင် တန်ချိန် ၈.၅ သိန်းမှ ၉ သိန်းအထိ လိုအပ်ကြောင်း စိစစ်တွက်ချက်ရရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းစာသုံးဆီ ဖူလုံမှုရှိစေရေးအတွက် လိုအပ်လျက်ရှိတဲ့ စားသုံးဆီပမာဏ ပြည့်မီစေရေးအတွက် စားသုံးဆီဈေးနှုန်းများတည်ငြိမ်ပြီး စားသုံးသူပြည်သူများ လုံလောက်စွာစားသုံးနိုင်ရန်နှင့် သက်သာသည့်ဈေးနှုန်းဖြင့် ဝယ်ယူစာသုံးနိုင်ရန်အတွက် ပြည်ပမှ စားအုန်းဆီများကို နှစ်စဉ်တန်ချိန် ၂.၅ သိန်းမှ ၃ သိန်းကျော် တင်သွင်းနေရခြင်းဖြစ်ပါတယ်။ အလျဉ်းသင့်၍ ကမ္ဘာ့နိုင်ငံများရဲ့ စားအုန်းဆီပမာဏ ဝယ်ယူတင်သွင်းမှုကိုကြည့်ရင် အိန္ဒိယနိုင်ငံအနေနဲ့ နှစ်စဉ် တန်ချိန် ခုနစ်သန်းမှ ရှစ်သန်းခန့်၊ တရုတ်နိုင်ငံအနေနဲ့ တန်ချိန် ခြောက်သန်းမှ ၆.၆ သန်းခန့်၊ ဥရောပသမဂ္ဂနိုင်ငံများအနေနဲ့ တန်ချိန် ခြောက်သန်းကျော်၊ အမေရိကန်နိုင်ငံအနေနဲ့ တန်ချိန် တစ်သန်းမှ ၁.၄ သန်းခန့်နဲ့ စင်ကာပူနိုင်ငံအနေနဲ့ တန်ချိန် ဝ.၇၅ သန်းခန့် တင်သွင်းလျက်ရှိပြီးတော့ အခြားကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ စားအုန်းဆီကို ဝယ်ယူတင်သွင်းလျက်ရှိပြီး ပြည်တွင်းဆီဖူလုံမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးနေတာကို တွေ့ရှိရပါတယ်။ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပုတ်ဆီ အစရှိတဲ့ သီးနှံများမှရရှိသောစားသုံးဆီများဟာ အနံ့အရသာ အရည်အသွေး ပိုမိုကောင်းမွန်စေမှာမှန်ကန်သော်လည်း လက်ရှိမြန်မာနိုင်ငံမှာ တင်သွင်းနေတဲ့ စားအုန်းဆီဟာ စားသုံးရန်သင့်တော်တဲ့ ထောက်ခံချက်များအပြည့်အဝရရှိပြီးတဲ့ Quality အမြင့်ဆုံး စားအုန်းဆီများကို သာမန်ဝင်ငွေသာရတဲ့ အများပြည်သူများအနေနဲ့ စားသုံးရန်သင့်တော်ပြီးတော့

ဈေးနှုန်းသက်သာတဲ့စားအုန်းဆီကို အမှီပြု စားသုံးနိုင်အောင် တင်သွင်းနေရခြင်းဖြစ်ပါတယ်။ စားအုန်းဆီတစ်ပိဿာဈေးနှုန်းဟာ မြေပဲဆီ၊ နှမ်းဆီစစ်စစ် တစ်ပိဿာဈေးနှုန်းနဲ့ယှဉ်ရင် နှစ်ဆခွဲမှ သုံးဆခန့်အထိ ကွာခြားကြောင်းကိုလည်း တွေ့ရှိရပါတယ်။

ယခင်က ဆီကြိတ်နှမ်းများဖြစ်တဲ့ နှမ်းနီ၊ နှမ်းညိုနှင့် မြေပဲဆံများကို ပြည်ပသို့ တင်ပို့ခွင့်မပြုခဲ့ဘဲနဲ့ နှမ်းဖြူနဲ့ နှမ်းနက်ကိုပဲ တင်ပို့ခွင့်ပြုခဲ့ပါတယ်။ ဒါပေမယ့် နှမ်းနီနဲ့ နှမ်းညို၊ မြေပဲဆံတွေကို ပြည်ပကို တရားမဝင်တင်ပို့မှုများရှိနေကြောင်း၊ ရသင့်ရထိုက်တဲ့ဈေးနှုန်းလည်းမရကြောင်း သိရှိရတဲ့အတွက်ကြောင့်မို့လို့ ပြည်ပတင်ပို့သူများ လွတ်လပ်စွာတရားဝင်တင်ပို့နိုင်ရန်အတွက်လည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ထိုက်သင့်တဲ့အကျိုးအမြတ်ရရှိစေရန်အတွက်လည်းကောင်း ရည်ရွယ်ပြီး ၂၀၁၁ ခုနှစ် ဩဂုတ်လကစတင်ပြီးတော့ နှမ်းနီ၊ နှမ်းညို၊ မြေပဲဆံ၊ မြေပဲဆီနဲ့ နှမ်းဆီများကို ပြည်ပသို့ တင်ပို့ခွင့်ပြုခဲ့ပါတယ်။ အဲ့ဒီလိုတင်ပို့ခွင့်ပြုတဲ့အတွက်ကြောင့်မို့လို့ ရရှိတဲ့အကျိုးအမြတ်ကတော့ နှိုင်းယှဉ်ကြည့်ရင် ၂၀၁၁ ခုနှစ် ဇူလိုင်လမှာ နှမ်းနီ၊ နှမ်းညိုတစ်တန်မှာ ၇.၂ သိန်းကျပ်ခန့် (တစ်တင်းလျှင် ၁၇၆၀၀ ကျပ်ခန့်)သာရှိခဲ့ရာမှ လက်ရှိအချိန်မှာ နှမ်းနီ၊ နှမ်းညိုတစ်တန်မှာ ၁၆.၃၃ သိန်းကျပ်ခန့် (တစ်တင်းလျှင် ၄၀၀၀၀ ကျပ်ခန့်) အထိရောက်ရှိခဲ့ပြီးတော့ နှစ်ဆကျော် ဈေးမြင့်တက်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နှမ်းနီ၊ နှမ်းညို စိုက်ပျိုးတဲ့တောင်သူများအနေနဲ့ ဈေးနှုန်းတွက်ချေကိုက်မှု သိသိသာသာရရှိလာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ပြည်ပနိုင်ငံများအနေနဲ့ နှမ်းဖြူနဲ့ နှမ်းနက်ကို ဝယ်ယူရာမှာ ဆီကြိတ်ခွဲထုတ်လုပ်ရန်အတွက် အဓိကဝယ်ယူခြင်းမဟုတ်ဘဲနဲ့ မုန့်နဲ့ အခြားအစားအသောက်များ သုံးစွဲရန်အတွက် အဓိကထားဝယ်ယူကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အဓိကအစားအသောက်များမှာ နှမ်းဖြူ၊ နှမ်းနက်ကိုအသုံးများပြီး နှမ်းနီ၊ နှမ်းညိုကို လိုအပ်မှသာ ဝယ်ယူတင်သွင်းလေ့ရှိပါတယ်။ နှမ်းနီ၊ နှမ်းညိုတွေကိုပြည်ပတင်ပို့ခွင့်ကို ပိတ်ပင်လိုက်မယ်ဆိုလို့ရှိရင် နှမ်းနီ၊ နှမ်းညိုစိုက်ပျိုးတဲ့တောင်သူတွေ ဝင်ငွေလျော့ကျပြီးတော့ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ အခက်အခဲများဖြစ်ပေါ်လာနိုင်မှာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး တင်ပြခဲ့တဲ့ စားအုန်းဆီတင်သွင်းမှုဆိုင်ရာမူဝါဒ ပြောင်းလဲရန်ကိစ္စမှာ အထက်မှာဖော်ပြခဲ့တဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများအကျိုး၊ စားသုံးသူပြည်သူများရဲ့ လက်ရှိဝယ်ယူစားသုံးနိုင်မှုအခြေအနေများကို လေ့လာသုံးသပ်မှုနှင့်အများကြီးသက်ဆိုင်နေပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံရဲ့ ပြည်သူအများစုဖြစ်တဲ့ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ စားသုံးသူ ပြည်သူအများစုအပါအဝင် အခြေခံလူတန်းစား

အကျိုးကို အဓိကဦးတည်ဆောင်ရွက်ရာမှာ နှမ်းနီ၊ နှမ်းညို၊ မြေပဲဆံ၊ မြေပဲဆီနဲ့ နှမ်းဆီများကို ပြည်ပသို့တင်ပို့ရောင်းချစေပြီးတော့ စားသုံးရန်သင့်တော်ပြီးတော့ ဈေးနှုန်းလည်းသက်သာတဲ့ စားအုန်းဆီများကို ပြည်ပကတင်သွင်းစေလျက် ပြည်သူများရဲ့အကျိုးကို ရှေးရှုပြီး ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

တစ်ဖက်မှာတော့ ပြည်သူတွေရဲ့ ကျန်းမာရေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေဖို့အတွက်ကို အရည်အသွေးအကောင်းဆုံးသတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့စားအုန်းဆီများကိုသာ တင်သွင်းနိုင်ဖို့အတွက်ကို ဆီတင်သွင်းတဲ့ ကုမ္ပဏီလုပ်ငန်းရှင်များနဲ့ ထိရောက်တဲ့ ကြပ်မတ်ထိန်းကျောင်းမှုများ ပိုမိုအလေးထားဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်များအသင်း၊ ဆီတင်သွင်းတဲ့ကုမ္ပဏီများ၊ စားအုန်းဆီသိုလှောင်ထိန်းသိမ်းတဲ့ သိုလှောင်ကန်ပိုင်ရှင်များ ပါဝင်တဲ့အရည်အသွေးစိစစ်ရေးအဖွဲ့၊ စားအုန်းဆီများ လက်ခံသယ်ယူရေးအဖွဲ့များနှင့် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော မြို့ပေါ်ရပ်ကွက်များအတွက် လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်မှ ထောက်ပံ့ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်တင်၊ ရေကြည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်တင်(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော မြို့နယ်များရှိ မြို့ပေါ်ရပ်ကွက်များ အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကူအညီတောင်းခံတင်ပြလာပါက နိုင်ငံတော်မှ ထောက်ခံကူညီပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီးတော့ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အနက် ဖွံ့ဖြိုးတိုးတက်မှုအားနည်းသောမြို့နယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် များပြားစွာရှိနေသေးသည်ကို သိရှိရပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအားနည်းသောမြို့နယ်များကို ပြန်လည်သုံးသပ်၍ကြည့်ပါက စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု အခွင့်အလမ်းများ အားနည်းခြင်းတို့ကြောင့်ဖြစ်သည်ကို အခြေခံအကြောင်းတရားများအဖြစ် တွေ့မြင်ရမည်ဖြစ်ပါတယ်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို

အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှကောက်ခံရရှိသော အခွန်အကောက်ရန်ပုံငွေအဖြစ် ဆောင်ရွက်ရခြင်းဖြစ်၍ စီးပွားရေးကောင်းမွန်ရင် ကောင်းမွန်သလို အခွန်အကောက် ပိုမိုရရှိတဲ့မြို့နယ်များရဲ့ ဖွံ့ဖြိုးတိုးတက်မှုများမှာ နေ့ချင်းညချင်းတိုးတက်ဖွံ့ဖြိုးမှုများ ထင်သာမြင်သာရှိကြောင်း တွေ့မြင်နေရသော်လည်း စီးပွားရေးမကောင်းမွန်သော မြို့နယ်များမှ ရရှိတဲ့ အခွန်အကောက်နဲ့ မြို့ပေါ်ရပ်ကွက်ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိခြင်းကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ယခုကဲ့သို့ ချမှတ်ထားတဲ့မူဝါဒအတိုင်း ဆက်လက်ကျင့်သုံးနေမည်ဆိုပါက နှစ်ကာလကြာမြင့်သည်နှင့်အမျှ မြို့နယ်အချင်းချင်း၊ လူနေမှုအဆင့်အတန်းကွာခြားကြမည် ဖြစ်ပါတယ်။ စီးပွားရေးအားနည်း၍ နှစ်စဉ် အခွန်အကောက်ရရှိမှု နည်းပါးသောမြို့နယ်များအား လူနေမှုအဆင့်အတန်းကွာဟမှုမရှိစေရေး အတွက် နိုင်ငံတော်မှ အတတ်နိုင်ဆုံးကူညီပံ့ပိုး ဆောင်ရွက်ပေးသင့်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းတင်ပြလိုတဲ့မေးခွန်းကတော့ ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော မြို့နယ်များရှိ မြို့ပေါ်ရပ်ကွက် များက အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကူအညီတောင်းခံတင်ပြလာပါက နိုင်ငံတော်မှ ထောက်ပံ့ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို သိလိုပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင် မေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းမှ ဖြေကြားမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ လိုအပ်လာပြီဆိုရင် ဘယ်ဒေသအတွက်မဆို အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေး လျက်ရှိပါတယ်။ လက်ရှိမှာလည်း မြို့နယ်များအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ကော်မတီများမှ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့အခါမှာ

အခြေခံအားဖြင့် မြို့နယ်အတွင်းမှာ ကောက်ခံရရှိတဲ့အခွန်ငွေတွေကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား-၂ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းကိုထည့်သွင်းရပါတယ်။ ဒါ့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ ဇယား-၁ အရ တိုင်းဒေသကြီး/ပြည်နယ်တို့မှ ကောက်ခံရရှိတဲ့အခွန်ငွေတွေကို ပြည်ထောင်စုအရအသုံးခန့်မှန်းခြေငွေစာရင်းကို ထည့်သွင်းရပါတယ်။ ကောက်ခံရရှိတဲ့အခွန်ငွေတွေကို အခွန်ဥပဒေအရ ပြည်ထောင်စုကနေပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်များကို ခွဲဝေလျာထားပေးကြောင်း တင်ပြအပ်ပါတယ်။

မြို့နယ်တွေက ကောက်ခံရရှိတဲ့ မြေယာခွန်၊ ယစ်မျိုးခွန်နှင့် ပွဲခွန်တွေကို တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေကို ရငွေအဖြစ် ပေးသွင်းရပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ မိမိဌာနရငွေ၊ အခြားရငွေနှင့် အခြားဌာနတွေက ကောက်ခံရရှိတဲ့ အခွန်တွေပါရှိပါတယ်။ မိမိဌာနရငွေမှာတော့ အကောက်ခွန်ရငွေဖြစ်ပြီးတော့ အခြားရငွေတွေကတော့ ပစ္စည်းတွေရောင်းရငွေ၊ ဆောင်ရွက်ပေးမှုအတွက်ရငွေ၊ ဌားရမ်းခရငွေ၊ ဒဏ်ငွေတွေ၊ အထွေထွေရငွေနှင့် အခြားရငွေတွေ၊ လေလံတင်ရောင်းချရငွေများမှ ရတဲ့အခွန်တွေ ပါဝင်ပါတယ်။ ဒါ့အပြင် အခြားဌာနတွေက ကောက်ခံရရှိတဲ့ သွင်းကုန်ခွန်၊ ကုန်သွယ်ခွန်၊ လိုင်စင်ခွန်၊ ကြက်ပေါင်စေးခွန်၊ ရှားစေးခွန်နှင့် ဝါဂွမ်းခွန်တွေ စတာတွေကောက်ခံပြီးတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ပေးသွင်းရပါတယ်။ ကောက်ခံရရှိတဲ့ အခွန်ငွေကနည်းပါးပြီး ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းတွေရှိနေမယ်ဆိုရင် တိုင်းဒေသကြီး/ပြည်နယ်များအတွက် နိုင်ငံတော်သမ္မတရဲ့ အထူးထောက်ပံ့ငွေ၊ မြို့နယ်ဖွံ့ဖြိုးရေးအတွက်ထောက်ပံ့ငွေ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်အတွင်းမှာ ဆောင်ရွက်ဖို့လိုအပ်နေတဲ့ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီး၊ လမ်းတံတားစတဲ့ ကဏ္ဍဆိုင်ရာစီမံကိန်းတွေကိုလည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါနဲ့မှမလုံလောက်ဘူးဆိုရင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အစီအမံနဲ့ နိုင်ငံတော်ကနေပြီးတော့ ချေးငွေရယူပြီး မြို့နယ်တွေရဲ့ ဦးစားပေးလိုအပ်ချက်များအရ ဘဏ္ဍာငွေဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များအနေနဲ့လည်း နိုင်ငံတော်က ခွဲဝေရရှိတဲ့ ဘဏ္ဍာငွေအရင်းအမြစ်တွေပေါ်မှာမူတည်ပြီးတော့ အမှန်တကယ်လိုအပ်တဲ့နေရာတွေနဲ့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသများအတွက် ခွဲဝေသုံးစွဲလျက်ရှိပါတယ်။ မိမိဒေသအတွင်းမှာ ဖွံ့ဖြိုးမှုအလိုက် ဖွံ့ဖြိုးတိုးတက်မှုအားနည်းတဲ့ မြို့နယ်များ၊ ရပ်ကွက်၊ ကျေးရွာများကို ဦးစားပေးအစီအစဉ်အလိုက် ရွေးချယ်ခြင်း၊ အချိန်ကာလ

ဦးစားပေးမှုသတ်မှတ်ခြင်းများဆောင်ရွက်ပြီး မည်သည့်မြို့နယ်ရဲ့ မည်သည့်ရပ်ကွက်/ကျေးရွာများမှ မည်သည့်လုပ်ငန်းကို အရင်ဦးစားပေးဆောင်ရွက်မည်ကို ဖော်ထုတ်ဆောင်ရွက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ၁၃-၆-၂၀၁၄ ရက်နဲ့ ၁၄-၆-၂၀၁၄ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်မှာ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီအားလုံးနဲ့ ပုသိမ်မြို့ မြို့တော်ခန်းမမှာ ကျင်းပပြုလုပ်တဲ့ တွေ့ဆုံပွဲအခမ်းအနားမှာလည်း ဝင်ငွေနည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့များရဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များအပေါ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးနိုင်ဖွယ်ရှိတဲ့လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းပြီးတော့ လုပ်ငန်းတွေကို စာရင်းပြုစုခဲ့ပြီး အဆိုပါလုပ်ငန်းတွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြည့်စွက် သို့မဟုတ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မူလလျာထားချက်မှာ ထည့်သွင်းရေးဆွဲသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုလည်း တင်ပြထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တမူးမြို့မှ အိန္ဒိယနိုင်ငံ၊ အင်ဖာမြို့ထိ တရားဝင်သွားလာခွင့် ရရှိနိုင်ရန် မည်သည့်အချိန်တွင် စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ဟာ အိန္ဒိယ-မြန်မာနယ်စပ်မြို့ဖြစ်ပြီး တစ်ဖက်နိုင်ငံ မိုးရေးမြို့နှင့် နေ့စဉ်သွားလာလုပ်ကိုင်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ၊ အင်ဖာမြို့ဟာ တမူးနယ်စပ် မိုးရေးမြို့ကနေ မိုင် ၉၀ ခန့် ဝေးပါတယ်။ အဲ့ဒီမှာရှိတဲ့ ဆေးရုံ၊ ဆေးခန်းရဲ့အဆင့်အတန်းဟာ မန္တလေးမြို့၊ ရန်ကုန်မြို့မှာရှိတဲ့ ဆေးရုံအဆင့်အတန်းနီးပါးမှရှိပြီးတော့မှ စက်ပစ္စည်းကိရိယာများရဲ့စမ်းသပ်မှုဟာလည်းပဲ အဆင့်တော်တော်မြင့်မားကြောင်း ကျွန်တော်တို့ကိုယ်တိုင်လည်းပဲ သွားရောက်ခဲ့တဲ့အတွက် တွေ့ရှိခဲ့ရတာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ တမူးမြို့က ဆေးကုသမှုခံယူလိုသူများဟာ အင်ဖာမြို့ကို နည်းလမ်းအမျိုးမျိုးဖြင့် သွားရောက်နေကြတဲ့အတွက် တချို့ပုဂ္ဂိုလ်များကတော့ သွားလာရေးအဆင်ပြေကြသူများရှိသကဲ့သို့ အဆင်မပြေကြတဲ့သူများလည်းပဲရှိပါတယ်။

သို့သော်လည်းပဲ တရားဝင်ခွင့်ပြုခြင်းဖြင့် သွားရောက်ရခြင်းမဟုတ်တဲ့အတွက် လမ်းမှာအခက်အခဲအမျိုးမျိုးနဲ့တွေ့ရပြီး အဆင်မပြေလျှင်ပင် ဆေးကုသမှုမသွားရောက်နိုင်ဘဲ လမ်းခုလတ်ကပင် ပြန်လာရပြီးတော့မှ အစစ်အဆေး၊ အမေးအမြန်းထူခြင်းအပြင် မလိုလားအပ်တဲ့ ပြဿနာတွေလည်းပဲ ဖြစ်ပွားလာကြောင်း တွေ့ရှိခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ဒသမအကြိမ်မြောက်ပုံမှန်အစည်းအဝေးအပြီးမှာ ကျွန်တော်တို့ တမူးမြို့က အငြိမ်းစားကျောင်းဆရာကြီးတစ်ဦးက အိမ်ပေါ်ကနေကျလို့ ဦးခေါင်းဒဏ်ရာရတဲ့အခါမှာ ဟိုဘက် အင်ဖာဆေးရုံကို ဘယ်လိုသွားရမလဲဆိုတဲ့နည်းလမ်းလည်း မသိတာက တစ်ကြောင်း၊ ဘယ်လိုအဆက်အသွယ်နဲ့သွားရမယ်ဆိုတာလည်းပဲ မသိတာကတစ်ကြောင်းကြောင့် တမူးဆေးရုံမှာပဲ ၃ ရက်လောက်ကြာပြီးတော့မှ ဆေးကုသပါတယ်။ နောက်ဆုံးမှာတော့ ဆက်သွယ်မှုရရှိသွားပြီးတော့မှ တစ်ဖက်နိုင်ငံ အင်ဖာမြို့ကိုသွားဖို့ မိုးရေးမြို့ကိုသွားပါတယ်။ အဲ့ဒီသွားတဲ့အချိန်မှာ မနက်ကတည်းက တစ်ဖက်နိုင်ငံမှာ မိုးရေးမြို့ကို ရောက်ရှိသွားပြီးတော့မှ အဲ့ဒီမှာ အချိန်မကြန့်ကြာသင့်ဘဲနဲ့ ကြန့်ကြာပြီးတော့မှ ညနေပိုင်းလောက်မှ အင်ဖာဆေးရုံကိုသွားရတဲ့အတွက် ညတွင်းချင်းခွဲစိတ်ရန်ပြင်ဆင်သော်လည်းပဲ အခြေအနေမကောင်းတဲ့အတွက် ပြန်ပြီးတော့မှ လာခဲ့ရတာဖြစ်ပါတယ်။ အဲ့ဒီဆရာဝန်များရဲ့ပြောပြချက်အရကတော့ အကယ်၍သာ နှစ်ရက်လောက်စောပြီးလာခဲ့မယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်ဆိုတဲ့စကားသံလည်း ကြားရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုတရားဝင်သွားလာခွင့်တွေ ဆောင်ရွက်ပေးဖို့ အချိန်ယူရမယ်ဆိုရင်လည်းပဲ မိမိတို့ဘက်မှ တာဝန်ရှိတဲ့ဆက်စပ်အဖွဲ့အစည်းများဟာ တစ်ဖက်နိုင်ငံနှင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး တရားဝင်သွားလာခွင့် အထူးသဖြင့် ကျန်းမာရေးဆေးကုသမှုအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက မိမိထံတင်ပြလာတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများအား လေးစားစွာမေးမြန်းအပ်ပါတယ်။ မြန်မာနိုင်ငံ၊ တမူးမြို့မှ အိန္ဒိယနိုင်ငံ၊ အင်ဖာမြို့သို့ တရားဝင်သွားလာခွင့်ရရှိရေး မည်သည့်အချိန်တွင် စီမံဆောင်ရွက်ပေးရန် လျာထားသည် သို့မဟုတ် ယခု ကျွန်တော်တင်ပြခဲ့သော အဆိုပါ ဆေးကုသသွားလိုသူများ အဆင်ပြေစွာသွားလာခွင့် ရရှိနိုင်ရေးအတွက် အောက်ခြေအဆင့်တွင် မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ၏ မြန်မာနိုင်ငံ၊ တမူးမြို့မှ အိန္ဒိယနိုင်ငံ၊ အင်ဖာမြို့အထိ တရားဝင်သွားလာခွင့်ရရှိနိုင်ရေး မည်သည့်အချိန်တွင်ဆောင်ရွက်ပေးရန် စီမံထားပါသနည်း သို့မဟုတ် ဆေးကုသသွားလိုသူများ အဆင်ပြေစွာသွားခွင့်ရရှိနိုင်ရေး အောက်ခြေအဆင့်တွင် မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးကိုယ်စားကျွန်တော်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ ဖြတ်သန်းခွင့်သဘောတူစာချုပ်(MOU)အား တရားဝင်ချုပ်ဆိုထားခြင်း မရှိသေးပါ။ တရားဝင်နယ်စပ်ဖြတ်သန်းသွားလာနိုင်ရေးမှာ ခွင့်ပြုမိန့်ရရှိပါက သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ပြီးမှသာတရားဝင် ဝင်/ထွက်သွားလာရေးကိစ္စများအား ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ တင်ပြညှိနှိုင်းဆောင်ရွက်နေဆဲပဲ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ၊ အင်ဖာမှ မြန်မာနိုင်ငံ၊ မန္တလေးမြို့အထိ ဘတ်စ်ကားလိုင်းပြေးဆွဲနိုင်ရေးကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိသဖြင့်သဘောတူညီချက်ရရှိပါက အိန္ဒိယနိုင်ငံ၊ အင်ဖာမှ ခရီးသည်များကို မြန်မာနိုင်ငံ၊ မန္တလေးမြို့အထိလည်ပတ်ခွင့်ပြုပြီး ၎င်းဂိတ်မှပင် ပြန်လည်ထွက်ခွာခွင့်ပြုမှာဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်နေ ပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များ အစီအစဉ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံသားများအား တမူးမြို့မှ အိန္ဒိယနိုင်ငံ မိုးရေးမြို့သို့ ဝင်/ထွက်သွားလာခြင်းကို မှတ်တမ်းစာရင်းရေးသွင်းပြီး ထိန်းသိမ်းထားရှိပါတယ်။ ထိုသို့သွားလာခြင်းအတွက် မိမိနိုင်ငံမှ တစ်ဖက်နိုင်ငံတို့မှာ ငွေကြေးကောက်ခံခြင်းမရှိဘဲ ဝင်/ထွက်ခွင့်ပြုလျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံသားများဟာ မိုးရေးမြို့မှ မြန်မာနိုင်ငံ၊ တမူးမြို့သို့ လာရောက်လည်ပတ်လျှင် ၎င်းတို့၏ နိုင်ငံသားကတ်(Citizen Card သို့မဟုတ် Election Card)ကို ခေတ္တသိမ်းဆည်းကာ မှတ်တမ်းဖြင့် စာရင်းရေးသွင်းပြီး

အိန္ဒိယနိုင်ငံသုံး ရူပီး ၁၀ ကောက်ခံ၍ ငွေလက်ခံဖြတ်ပိုင်းဖြင့် နေ့ချင်းပြန် ဝင်/ထွက်ခွင့်ပြုလျက်ရှိပါတယ်။ အဆိုပါ အိန္ဒိယနိုင်ငံသားများ သတ်မှတ်ချိန်အတွင်း မိမိနိုင်ငံအတွင်းမှ ပြန်လည်ထွက်ခွာမှုရှိ/မရှိ စောင့်ကြည့်၍ ပြန်လည်ထွက်ခွာချိန်၌ ငွေလက်ခံဖြတ်ပိုင်းကို သိမ်းဆည်းပြီး ၎င်းတို့၏ နိုင်ငံသားကတ်(Citizen Card သို့မဟုတ် Election Card)ကို ပြန်လည် ထုတ်ပေးပြီး တမူးမြို့မှ ပြန်လည်ထွက်ခွာစေပါတယ်။ အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့မှ တမူးမြို့မှာရှိသော နမ့်ဖာလုံဈေး (နယ်စပ်ဈေး) သို့ လာရောက်သည့် အိန္ဒိယနိုင်ငံသားများအား ငွေကြေးကောက်ခံမှုမရှိဘဲ ဝင်/ထွက်ခွင့်ပြုလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ ဖြတ်သန်းခွင့်သဘောတူစာချုပ်(MOU)အား လက်မှတ်ရေးထိုးချုပ်ဆိုပြီးမှသာလျှင် သဘောတူစာချုပ်ပါ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် သို့မဟုတ် ခိုင်လုံသော နိုင်ငံကူးလက်မှတ်များဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံမှာရှိသော နိုင်ငံသားများအတွက် တရားဝင် ဝင်/ထွက်သွားလာနိုင်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တည်း ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ခုနက ဒုတိယဝန်ကြီးဖြေသွားသလိုပါပဲ။ အိန္ဒိယဘက်ကတော့ ဒီဘက်ကိုလာရင် သတ်မှတ်ထားတဲ့နှုန်းထား အတိုင်းပေးပြီးတော့မှ သွားနေကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ဟိုဘက်ကိုသွားတဲ့ အခါမှာတော့ ဒါ ပေးစရာမလိုဘဲနဲ့သွားတာဆိုတာကတော့ မှန်ပါတယ်။ ကျွန်တော်ပြောတာကတော့ အဲ့ဒီမိုးရေးမြို့ကနေ အင်ဖာအထိအောင် ဆေးကုသသွားတဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော် ခုနကပြောခဲ့တဲ့ ကျောင်းဆရာတစ်ဦး(အငြိမ်းစား)ရဲ့ ဟိုဘက်နိုင်ငံရောက်ပြီးတော့မှ ကြာတဲ့အချိန်ပါ။ ဒါဆိုရင် အဲ့ဒီကို သွားလာခွင့်ရဖို့အတွက် ဘာလိုအပ်သလဲလို့ မေးတဲ့အခါမှာ ဟိုဘက်က သက်ဆိုင်ရာရဲက ခင်ဗျားတို့ တမူးမှာရှိတဲ့ DC ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံစာလေးပါရင် ရပါတယ်လို့ပြောပါတယ်။ ဒါဆိုရင် သူတို့လူနာရှင်အနေနဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်များညှိနှိုင်းပြီးတော့မှ တမူးမှာရှိတဲ့ ခရိုင်အုပ်ချုပ်ရေးမှူး ဆီမှာ ဒီမြို့မှာရှိတဲ့ တကယ့်ပုဂ္ဂိုလ် DA က မြို့မှာနေထိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်းဆိုတဲ့ ခရိုင်အုပ်ချုပ်ရေး မှူးရဲ့လက်မှတ် ထောက်ခံစာလေးထုတ်ပေးလိုက်တဲ့အခါမှာ ဟိုဘက်ကိုသွားခွင့်ရတယ်လို့ ပြောထား တာရှိပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့က အောက်ခြေမှာ ဟိုဘက်နဲ့ဒီဘက် ဒီလိုဘယ်လို လက်မှတ် မျိုးပါလို့ရှိရင်တော့ဖြင့် တကယ်ကျန်းမာရေးမကောင်းတဲ့ပုဂ္ဂိုလ်တွေကို၊ ဆေးကုသတဲ့ပုဂ္ဂိုလ်တွေကို

အင်ဖာမြို့ကိုသွားနိုင်တဲ့ဆိုတဲ့အခြေအနေလေးတော့ ရသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဘာကိုတင်ပြချင်တာလည်းဆိုရင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက တစ်ဖက်နိုင်ငံအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ခုနကလို အရေးပေါ်ကျန်းမာရေးစောင့်ရှောက်ခွင့်ရတဲ့ လူနာများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ဖို့ တင်ပြပေးခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ပြန်ဖြေနိုင်က ဖြေပါ။ မဖြေနိုင်လည်း ရပါတယ်။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ကတော့ သတ်မှတ်ထားတဲ့ တရားဝင် MOU ကိစ္စဟာ G to G နဲ့ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ သို့သော်လည်းပဲ ခုနက ဦးခင်မောင်ရွှေမေးတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ဆောင်ရွက်ပေးနိုင်တာတော့ အစိုးရအဖွဲ့ရုံးမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျွန်တော်တို့ အကြောင်းညှိနှိုင်းပြီးတော့မှ တင်ပြဆောင်ရွက်သွားမယ်ဆိုရင်လည်း ရနိုင်ပါတယ်။ နောက်တစ်ချက်ကလည်းပဲ ကျွန်တော်တို့က နယ်စပ်ဒေသကော်မတီဖြစ်ကြတဲ့ မြို့နယ်အဆင့် TPC သို့မဟုတ် ဒေသအဆင့်ဖြစ်တဲ့ RPC တွေမှလည်းပဲ ဒါကို အောက်ခြေအဆင့်မှာညှိနှိုင်းပြီးတော့မှ ဆောင်ရွက်သွားနိုင်အောင်အတွက်ကိုလည်း ကျွန်တော်တို့ကနေပြီးတော့မှ အစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ပြည်တွင်းဘဏ်များမှ အပ်ငွေအပေါ် အပြိုင်အဆိုင်အတိုးနှုန်းပေးမှု အလွန်အကျွံမဖြစ်ပေါ်စေရေးနှင့် Bankrupt မဖြစ်ရေးတို့အား မည်သို့ထိန်းချုပ်မည်ကိုသိလိုခြင်း စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဘထီး၊ ရမ်းဗြဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းအောင်ခိုင်(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ခိုင်ဖြစ်ပါတယ်။ ဘဏ်များနဲ့ ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်

ရေးကော်မတီဝင် တစ်ဦးလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဘဏ်နဲ့ ငွေကြေးကော်မတီဝင်တစ်ဦးဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီးကိုယ်စား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိက ဘဏ်များဟာ လွန်ခဲ့သော သုံးလခန့်မှစပြီး အပ်ငွေ Deposit အပေါ် တစ်ပြေးညီ အတိုးနှုန်း Interest Rate ၈ ရာခိုင်နှုန်းပေးနေကြရာမှ ပူးတွဲဇယားပါဘဏ် ၁၂ ဘဏ်ဟာ ဇယားပါအတိုင်း ၈.၂၅ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးလာကြပါတယ်။ တစ်ခါ Fixed Deposit အပ်ငွေ အပေါ် အတိုးနှုန်း တစ်လအတွက်ဆိုရင် ၉ ရာခိုင်နှုန်း၊ သုံးလအတွက်ဆိုရင် ၉.၂၅ ရာခိုင်နှုန်း၊ ခြောက်လ အတွက် ၉.၅ ရာခိုင်နှုန်း၊ တစ်နှစ်အတွက်ဆိုရင် ၁၀ ရာခိုင်နှုန်း တစ်ပြေးညီပေးကြတာကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရက်တွက်အတိုးနှုန်း Call Deposit ဆောင်ရွက်လိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ခွင့်ပြုချက် တင်ပြရပါတယ်။ AGD ဘဏ်၊ AYA ဘဏ်၊ Myanmar Apex ဘဏ်များက ခွင့်ပြုမိန့်တောင်းခံထားသော်လည်းပဲ ဗဟိုဘဏ်မှတရားဝင် ခွင့်ပြုချက် ထုတ်ပေးတာ မတွေ့ရသေးပါ။ ငွေလွှဲပို့ခနှုန်း (Remittance Fee)ကိုလည်း ပုဂ္ဂလိကဘဏ်များ အပြိုင်အဆိုင်ဝန်ဆောင်မှုပေးနေကြရာ ငွေကျပ် ၁၀၀ ကျပ်လျှင် ၁၅ ပြား၊ နောက် ၁၀ ပြား၊ နောက် ၅ ပြားထိ လျှော့ယူခြင်း၊ သုံးကြိမ်ငွေလွှဲလျှင် တစ်ကြိမ် FOC အခမဲ့ပေးနေတာကိုလည်း စုံစမ်းသိရှိရပါတယ်။ IMF ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းကလည်း ပုဂ္ဂလိကဘဏ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အကျိုးစီးပွားထိခိုက်မည့်ကိစ္စမှလွဲပြီး လိုအပ်မှသာ စည်းမျဉ်းစည်းကမ်းရေးဆွဲပြီး ထိန်းကျောင်းသင့်ကြောင်း အကြံပေးထားတာကိုလည်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောလောဆယ်ဗဟိုဘဏ်မှလည်း အပ်ငွေ Deposit အပေါ် အတိုးနှုန်း ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း၊ ချေးငွေ Loan အပေါ်အတိုးနှုန်း ၁၀ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်း တိုးမြှင့်ခွင့်ပြုထားကြောင်း သိရှိရပါတယ်။ ဘဏ်များ အတိုးနှုန်းမြှင့်ပေးတဲ့အတွက် အပ်ငွေ Deposit ပိုမိုစုဆောင်းလာနိုင်သော်လည်းပဲ ချေးငွေကို Secure Lending ဖြင့်သာ ထုတ်ချေးနိုင်တဲ့အတွက် လျှင်မြန်စွာထုတ်ချေးနိုင်စွမ်းမရှိကြောင်း ကြားသိရပါတယ်။ ဘဏ်အပ်ငွေအပေါ်မှာ အတိုးနှုန်းမြှင့်ပေးတဲ့အတွက် ဘဏ်ချေးငွေများထုတ်ချေးရာမှာ နှောင့်နှေးကြန့်ကြာနေမယ်ဆိုရင် ကုန်ကျစရိတ်မကာမိတဲ့အတွက် ဘဏ်များဆက်လက်ရပ်တည်နိုင်ရန် အခက်အခဲရှိမယ်လို့ ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်း၊ ငွေလွှဲပို့ခနှုန်း Policy ကို မြန်မာနိုင်ငံ၏စီးပွားရေးနဲ့ ငွေရေးကြေးရေးအခြေအနေများနှင့်အညီ လိုက်လျောညီထွေရှိစေဖို့ စောင့်

မူကြမ်း

ကြည့်ထိန်းသိမ်းရန်လိုအပ်ပါတယ်။ စောင့်ကြည့်ထိန်းသိမ်းမှုအားနည်းလျှင် ပုဂ္ဂလိကဘဏ်များအနေဖြင့် အလွန်အမင်းပြိုင်ဆိုင်မှုများလာပါက နိုင်ငံတော်၏ငွေကြေးမူဝါဒ Monetary Policy နှင့် ငွေကြေးဈေးကွက် Monetary Market တည်ငြိမ်မှုကို ထိခိုက်စေပြီး Bank Crisis နှင့် Monetary Crisis ဘက်ကို ဦးတည်သွားနိုင်ပါတယ်။

ဒါ့ကြောင့် မေးမြန်းလိုတဲ့မေးခွန်းက ပြည်တွင်းဘဏ်များအပ်ငွေအပေါ် အပြိုင်အဆိုင်အတိုးနှုန်းပေးနေကြတာကို အလွန်အကျွံ အခြေအနေမျိုးမဖြစ်ပေါ်စေရေး Bankrupt မဖြစ်စေရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် မည်ကဲ့သို့စီစဉ်ပြီး ထိန်းချုပ်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[ဦးဘထီး၊ ရမ်းဗြဲမဲဆန္ဒနယ် ကိုယ်စား ဦးထွန်းအောင်ခိုင်၊ ပေါက်တောမဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဗဟိုဘဏ်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ကျွန်မ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဒေါ်ခင်စောဦး ဖြစ်ပါတယ်ရှင်။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီးရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ပြည်တွင်းဘဏ်များ အပ်ငွေအပေါ် အပြိုင်အဆိုင်အတိုးနှုန်းပေးနေတာကိုအလွန်အကျွံအခြေအနေမဖြစ်ပေါ်ရေး၊ Bankrupt မဖြစ်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မည်ကဲ့သို့ စီစဉ်၍ထိန်းချုပ်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ရဲ့ရှေ့မှောက်မှာဖြေကြားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းပါအဓိကကျတဲ့အချက်ကတော့ အတိုးနှုန်းနဲ့ သက်ဆိုင်နေကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အခုလက်ရှိ ကျွန်မတို့ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ အတိုးနှုန်းမူဝါဒနဲ့ အတိုးနှုန်း Structure တွေအကြောင်းကို ကျွန်မအနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ၁-၁-၂၀၁၂ ရက်နေ့ကစပြီးတော့၊ သတ်မှတ်ခဲ့ပြီးတော့ အခုထိမပြောင်းလဲဘဲနဲ့ ထားရှိခဲ့တဲ့ လက်ရှိဗဟိုဘဏ်ရဲ့အတိုးနှုန်း Central Bank Rate ဟာ ၁၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ Central Bank Rate ဟာ ဘာလဲလို့အလွယ်တကူနဲ့

နားလည်အောင်ရှင်းပြရမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဘဏ်တွေကနေ သူတို့ ငွေလိုအပ်တဲ့အခါမှာ လာရောက်ပြီးတော့ သူတို့ငွေချေးတဲ့အခါမှာ သူတို့ရဲ့ဝယ်ယူထားတဲ့ Bond တွေကို ပေါင်ထားပြီး ချေးတဲ့အခါမှာ ဗဟိုဘဏ်ကနေပြီးတော့မှ ဘဏ်တွေကို သတ်မှတ်ပြီးတော့ ယူတဲ့အတိုးနှုန်း ဖြစ်ပါတယ်။ အဲ့တော့ ဒီဗဟိုဘဏ်ရဲ့အတိုးနှုန်းပေါ်မှာ မူတည်ပြီးတော့မှ ဒီစုဆောင်းမှုအပ်ငွေတွေနဲ့ ချေးငွေအပေါ်မှာ အတိုးနှုန်းကို ကျွန်မတို့အနည်းဆုံးနဲ့ အများဆုံး သတ်မှတ်ပါတယ်။

အဲ့ဒီတော့ ဒီငွေစုဘဏ်အပ်ငွေ၊ ငွေစုလက်မှတ်နဲ့ အချိန်စေ့မှ ပေးရမည့်အပ်ငွေစတဲ့ စုဆောင်းမှုအပ်ငွေများအပေါ်မှာ ပေးရမယ့် အနည်းဆုံးအတိုးနှုန်းကို ဗဟိုဘဏ်ရဲ့အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်းနိမ့်ပြီးတော့ ၈ ရာခိုင်နှုန်းအနည်းဆုံးပေးရန်နဲ့ ချေးငွေများနှင့် စာရင်းပိုထုတ်ချေးငွေများအပေါ်မှာ တောင်းခံနိုင်တဲ့ အမြင့်ဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းရဲ့အထက် ၃ ရာခိုင်နှုန်း မြင့်တဲ့ ၁၃ ရာခိုင်နှုန်းထက်မကျော်လွန်စေရန် ဘဏ်များအားလုံးကို ဗဟိုဘဏ်က ညွှန်ကြားခဲ့ပါတယ်။ ဒါ့အပြင် ဘဏ်တွေအနေနဲ့ သတ်မှတ်ချက်ဘောင်အတွင်းမှာ အတိုးနှုန်းများကို ဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်းများ ပြုလုပ်နိုင်ကြောင်းလည်း ညွှန်ကြားထားရှိပါတယ်။ ဒါ့ကြောင့် ဘဏ်တွေဟာဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အတိုးနှုန်းဘောင်အတွင်းမှာ လွတ်လပ်စွာယှဉ်ပြိုင်လုပ်ကိုင်ခွင့်ကို ပြုထားပြီး ဖြစ်ပါတယ်။ နိုင်ငံတကာမှာ အတိုးနှုန်းကို ဗဟိုဘဏ်က ထိန်းချုပ်ထားခြင်းမရှိဘဲ ဈေးကွက်ပေါ်မှာမူတည်ပြီးတော့ ဘဏ်များက အတိုးနှုန်းကို သတ်မှတ်ကြပါတယ်။ ဗဟိုဘဏ်အနေနဲ့လည်း သင့်လျော်တဲ့ အခြေအနေနဲ့ အချိန်အခါမှာ အတိုးနှုန်းကို လွတ်လပ်စွာ သတ်မှတ်ဖို့ ဖြေလျှော့ပေးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဘဏ်များကို အခုကတည်းက အတိုးနှုန်းများကို ဘောင်တစ်ခုအတွင်းမှာ သတ်မှတ်ပြီးတော့ ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန် ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါတယ်။

ဘဏ်တွေအနေနဲ့ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အတိုးနှုန်းဘောင်အတွင်းမှာ လွတ်လပ်စွာ ယှဉ်ပြိုင်လုပ်ကိုင်နေခြင်းဟာ ဈေးကွက်အခြေခံစနစ် လမ်းကြောင်းပေါ်မှာ စတင် လျှောက်လှမ်းနေတယ်လို့ဆိုနိုင်ပါတယ်။ ဘဏ်တွေဟာ အများပြည်သူထံမှ အပ်ငွေများကိုလက်ခံပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့သူတွေကို ချေးငွေများ ပြန်လည်ထုတ်ချေးကြပါတယ်။ Saving Passbook နဲ့ ငွေစုဘဏ်အပ်ငွေဟာ အချိန်မရွေးအပ်နှံသူက ထုတ်ယူနိုင်တာကြောင့်မို့လို့ ကာလရှည်ချေးငွေအတွက် သတ်တမ်းလိုက်လျောညီထွေရှိမယ့် အချိန်ပိုင်းအပ်ငွေများရရှိအောင် ဘဏ်များက ဆောင်ရွက်ကြရပါတယ်။ ဘဏ်များအနေနဲ့ အချိန်ပိုင်းအပ်ငွေများ ပိုမိုရရှိမှသာ ချေးငွေကို ကာလရှည်ချေးငွေနိုင်ဖို့အတွက် စီမံနိုင်မှာဖြစ်ပါတယ်။ ဘဏ်တွေက ငွေစုဘဏ် အပ်ငွေပေါ်မှာပေးတဲ့ အတိုးနှုန်းထက် အချိန်ပိုင်းအပ်ငွေများ

ဖြစ်တဲ့ သုံးလ၊ ခြောက်လ၊ ကိုးလ၊ တစ်နှစ်စတဲ့ အပ်ငွေတွေအပေါ်မှာ အတိုးနှုန်းကို မြှင့်ပြီးတော့ပေး လေ့ရှိပါတယ်။ အခုလိုဘဏ်များက အချိန်ပိုင်းအပ်ငွေတွေအပေါ်မှာ အတိုးနှုန်းမြှင့်ပြီးပေးခြင်း ကလည်း နိုင်ငံတကာမှာ ဘဏ်များဆောင်ရွက်လေ့ရှိတဲ့ ဘဏ်လုပ်ငန်းစီမံခန့်ခွဲမှုတစ်ခု ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ခေါ်ယူအပ်ငွေ Call Deposit နဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားပါ့မယ်။ ၂၀၀၃ ခုနှစ်မှာ ဘဏ်လုပ်ငန်းကဏ္ဍမှာ ပြဿနာဖြစ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ဗဟိုဘဏ် က ၅-၆-၂၀၀၃ ရက်စွဲပါအမှာစာနဲ့ ပုဂ္ဂလိကဘဏ်တွေက လက်ခံထားတဲ့ ခေါ်ယူအပ်ငွေတွေကို ၃၀-၉-၂၀၀၃ ရက်နေ့ နောက်ဆုံးထားပြီးတော့ Customer ရဲ့ဆန္ဒအရ စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ် အပ်ငွေနဲ့ စာရင်းသေအပ်ငွေအဖြစ် ရှင်းလင်းသွားပြီးတော့ ၁-၁၀-၂၀၀၃ ရက်နေ့ကနေစပြီးတော့ ခေါ်ယူအပ်ငွေများကို လက်ခံဆောင်ရွက်ခြင်းမပြုရန် ပုဂ္ဂလိကဘဏ်များကို ညွှန်ကြားထားခဲ့ပါတယ်။ ဒါပေမယ့် အခု ဘဏ်တွေရဲ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ရှေးရှုပြီးတော့ ၃-၁၀-၂၀၁၄ ရက်နေ့ ရက်စွဲပါအမှာစာဖြင့် ပယ်ဖျက်ခဲ့ပြီးတော့ ခေါ်ယူအပ်ငွေ လက်ခံဆောင်ရွက်နိုင်ကြောင်း ညွှန်ကြားခဲ့ပြီး ဖြစ်ပါတယ်။ ချေးငွေများနှင့် ပတ်သက်ပြီးတော့ Secured Loan ကိုချေးခြင်းဖြင့် ဘဏ်တွေအတွက် ချေးငွေဆုံးရှုံးနိုင်မှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ချေးငွေအတွက် အာမခံ အပေါင်ပစ္စည်းမယူဘဲ Unsecured Loan ကိုချေးမည်ဆိုရင် ဘဏ်တွေအနေနဲ့ Risk Management ကိုကောင်းစွာ စီမံဆောင်ရွက်နိုင်ဖို့လိုပါတယ်။ ယခင်က မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းအာမခံဖြင့်ကာ ထုတ်ချေးခွင့်ပြုခဲ့ရာမှ အခုအခါမှာ ရွှေနှင့် ရွှေထည်ပစ္စည်းအာမခံ၊ ဘဏ်အပ်ငွေအာမခံ၊ စက်ပစ္စည်းများ၊ ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံများ လက်ရောက်အပေါင်၊ အစိုးရငွေတိုက်စာချုပ်များအား အာမခံရယူပြီးတော့ ချေးငွေခွင့်ပြုရန် ဖြေလျှော့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဘဏ်များရဲ့အပ်ငွေနှင့် ချေးငွေအခြေအနေကိုလည်း ဗဟိုဘဏ်က အမြဲစောင့်ကြည့်လျှက်ရှိပါတယ်။ ၁၄-၈-၂၀၁၄ ရက်နေ့တွင် ဘဏ်များရဲ့ ချေးငွေနှင့်အပ်ငွေအချိုးက ၆၃.၇၈ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရတဲ့ အတွက်ကြောင့်မို့လို့ ရှိသင့်တဲ့ ၇၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြား အချိုးထက် အနည်းငယ်သာ လျော့နည်းကြောင်း တွေ့ရှိရပါတယ်။

အခုဆက်လက်ပြီးတော့ ပြည်တွင်းဘဏ်များက ကောက်ခံတဲ့ ငွေလွှဲခနှုန်းထားများနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ငွေလွှဲခနှုန်းထားများနဲ့ပတ်သက်လို့ ပြည်တွင်းငွေလွှဲခ နှုန်းထားများ ပုံသေကောက်ခံရန်အတွက် ၆-၈-၂၀၁၂ ရက်နေ့မှာ မြန်မာနိုင်ငံဘဏ်များအသင်း အဖွဲ့ဝင်ဘဏ်များနဲ့ ဆွေးနွေးပြီးတော့ ငွေလွှဲခကို အနည်းဆုံးငွေကျပ် ၁၀၀ လျှင် ၁၅ ပြားနှုန်း

ပံ့သေကောက်ယူရန် ငွေလွှဲကျပ်သိန်း ၁၀၀၀ နှင့်အထက်ကို ငွေလွှဲခကျပ် ၁၀၀ လျှင် ၁၂.၅ ပြားနှုန်းနဲ့ ကောက်ယူရန် ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များကို ညွှန်ကြားခဲ့ပါတယ်။ နိုင်ငံတကာမှာ ဗဟိုဘဏ်တွေက ဘဏ်တွေများကကောက်ခံတဲ့ ငွေလွှဲခများကို မည်သည့်နှုန်းထားနဲ့ ကောက်ခံဖို့ ညွှန်ကြားလေ့မရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ သီးခြားရပ်တည်ပြီးလွတ်လပ်တဲ့ ဗဟိုဘဏ်ဖြစ်လာပြီးတဲ့နောက်ပိုင်း ၂၃-၁၂-၂၀၁၃ ရက်နေ့မှာကျင်းပတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အမှတ် (၈/၂၀၁၃) အရ မြန်မာနိုင်ငံဘဏ်များအသင်းကို ငွေလွှဲခနှင့်ပတ်သက်ပြီး ဘဏ်များအချင်းချင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန် အကြောင်းကြားခဲ့ပါတယ်။ မြန်မာနိုင်ငံဘဏ်များအသင်းက အချင်း ချင်း ညှိနှိုင်းဆွေးနွေးပြီးတော့ ၂-၄-၂၀၁၄ ရက်နေ့မှာပြည်တွင်းငွေလွှဲခ ကောက်ခံရန် နှုန်းထားများကိုသတ်မှတ်ပြီး အဖွဲ့ဝင်ဘဏ်များကို ညွှန်ကြားခဲ့ကြောင်းလည်း သိရှိရပါတယ်။

ဒီကြားထဲကာလမှာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ငွေလွှဲခတွေကို လျှော့ချပေးနိုင်မယ်ဆိုရင် သူတို့အတွက် Transition Cost လျှော့ကျမှာဖြစ်ပြီးတော့ ကုန်ဈေးနှုန်းကျဆင်းစေရန်နဲ့ စားသုံးသူပြည်သူများ တစ်ဖက်တစ်လမ်းက အကျိုးကျေးဇူးရှိမှာဖြစ်တဲ့အတွက် ဘဏ်ငွေလွှဲခတွေကို လျှော့ချပေးဖို့ ဗဟိုဘဏ်ကို ညှိနှိုင်းတင်ပြခဲ့ပါတယ်။ ဗဟိုဘဏ်က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နဲ့ မြန်မာနိုင်ငံဘဏ်များအသင်းတို့ တွေ့ဆုံညှိနှိုင်းကြရန် ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအခါ ဘဏ်များအနေနဲ့ ငွေလွှဲခများကို လျှော့ပေါ့ပေးခြင်းဟာ ပြည်သူများအတွက် အကျိုးရှိသလို အပြုသဘောဆောင်တဲ့ ကောင်းမွန်တဲ့ကိစ္စရပ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါပေမယ့် ဈေးကွက်ကို ချုပ်ကိုင်လိုသောသဘောဖြင့် ဆောင်ရွက်တာကို တွေ့ရှိလျှင် ဗဟိုဘဏ်က ဝင်ရောက်ထိန်းကျောင်းသွားမှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်မှာငွေရေးကြေးရေးအဖွဲ့အစည်းများ ကြီးကြပ်စစ်ဆေးရေးဌာနဆိုတာရှိပါတယ်။ အဲ့ဒီဌာနက ဘဏ်တွေကို ကွင်းဆင်းစစ်ဆေးခြင်းနဲ့ စာရင်းအင်းများတောင်းယူကြီးကြပ်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ဘဏ်များရဲ့ ကျန်းမာကြံ့ခိုင်မှုကို တွက်ချက်စစ်ဆေးတဲ့အခါမှ အသုံးပြုတဲ့ Financial Soundness Indicators ကိုလည်းလစဉ်နှင့် သုံးလပတ်အလိုက် တွက်ချက်ပြီးတော့ ဗဟိုဘဏ်ရဲ့ ဒါရိုက်တာဘုတ်အဖွဲ့ကို တင်ပြအစီရင်ခံခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုဘဏ်မှချမှတ်ထားတဲ့ စည်းမျဉ်းများကို လိုက်နာမှုမရှိကြောင်းနှင့် FSI ညွှန်ကိန်းများ အားနည်းနေကြောင်း တွေ့ရှိရပါက ဗဟိုဘဏ်က ဘဏ်များကို

ခေါ်ယူဆွေးနွေးခြင်းနှင့် သီးခြားစာထုတ်၍ အသိပေးလိုက်နာစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စာသင်ကျောင်းများတွင် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးအတွက် ပညာပေးနေမှုနှင့် လေ့ကျင့်ဆောင်ရွက်နေမှုရှိ/မရှိကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။တပ်မတော်သားကိုယ်စား ဒုတိယဗိုလ်မှူးကြီးအောင်မင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးအောင်မင်းဆွေ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်မင်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မူလတန်းကျောင်းများမှစတင်၍ အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် ပညာပေးသင်ကြားနေမှု၊ လေ့ကျင့်ဆောင်ရွက်နေမှုကိစ္စနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တက်လှမ်းနေတဲ့နိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သန့်ရှင်းသာယာဖို့ကလည်း အထူးအရေးကြီးပါတယ်။ အဆိုပါသန့်ရှင်းသာယာနိုင်ရေးအတွက် စွန့်ပစ်အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်နေမယ့်အစား စနစ်တကျစွန့်ပစ်တတ်တဲ့အလေ့အကျင့်များကို သင်ကြားပေးရန်လည်း လိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် မြို့ကြီးများမှာ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းမရှိတဲ့အတွက် သဘာဝပတ်ဝန်းကျင်များညစ်ညမ်းစေပြီး ရေစီးရေလာမြောင်းများ ပိတ်ဆို့ပြီး ရေကြီးရေလျှံမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်ကိုလည်း မကြာခဏကြုံတွေ့ရတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစကောင်းမှ အနှောင်းသေချာဆိုသည့်စကားအတိုင်း အနာဂတ်ပဲ့ကိုင်ရှင်များဖြစ်လာကြမည့် ကလေးသူငယ်များအား မူလတန်းအဆင့် စာသင်ကျောင်းများတွင် လက်ဦးဆရာများဖြစ်သည့်ဆရာများမှ စနစ်တကျလေ့ကျင့်သင်ကြားပေးခြင်းဖြင့် ငယ်စဉ်ကပင် အလေ့အကျင့်ကောင်းများ ရရှိလာပြီး အနာဂတ်တိုင်းပြည်အတွက် စည်းကမ်းကောင်းမွန်တဲ့ လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တင်ပြခဲ့ပါသော စည်းကမ်းမဲ့ အမှိုက်ပစ်နေမှုများ လျော့နည်းသွားရေး၊ တစ်နည်းအားဖြင့် လုံးဝပပျောက်သွားရေး ငယ်စဉ်ဘဝမှ စနစ်တကျအမှိုက်စွန့်ပစ်တတ်သော အလေ့အကျင့်ကောင်းများ စတင်လေ့ကျင့်ပေးမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သန့်ရှင်းသာယာလာမှာဖြစ်ပါသဖြင့် လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့်

မေးမြန်းလိုသည်မှာ (၁) မူလတန်းကျောင်းများမှ စတင်၍ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် ပညာပေးသင်ကြားနေမှုများ ဆောင်ရွက်နေပါပြီလား။ (၂) ဆောင်ရွက်နေခြင်းရှိပါက မည်ကဲ့သို့ လေ့ကျင့်သင်ကြားဆောင်ရွက်နေကြောင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်းက တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်မင်းဆွေရဲ့ မေးခွန်းနဲ့ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြန်မာနိုင်ငံတွင် အခြေခံပညာမူလတန်းကျောင်းများမှစတင်၍ စာသင်ကျောင်းများတွင် အမှိုက်များစနစ်တကျစွန့်ပစ်ရေးအတွက် ပညာပေးနေမှုနှင့် လေ့ကျင့်ဆောင်ရွက်နေမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ စာသင်ကျောင်းများတွင် အမှိုက်များစနစ်တကျစွန့်ပစ်ရေးအတွက် ပညာရေးပြက္ခဒိန်ပါ လုပ်ငန်းဖြစ်သည့် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုကို ဩဂုတ်လတွင်လည်းကောင်း၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုကို နှစ်စဉ် အောက်တိုဘာလတွင် နိုင်ငံတစ်ဝန်းလုံးဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ကျောင်းတွင်းအသင်းအလိုက် လှုပ်ရှားမှုအဖြစ် ကျောင်းစာသင်ခန်းသန့်ရှင်းရေး၊ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအဖြစ် အမှိုက်များစနစ်တကျစွန့်ပစ်ရေးလုပ်ငန်းများကို အမှိုက်ပုံးများထားရှိ၍ စနစ်တကျလေ့ကျင့်ပေးလျက်ရှိပါတယ်။ ကျောင်းတွင် အမှိုက်များစနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ၊ အမှိုက်တစ်စမြင်တစ်စကိုကောက်၍ အမှိုက်ပုံးတွင် စွန့်ပစ်စေသည့်အလေ့အကျင့်ကောင်းများကိုလည်း လေ့ကျင့်ပေးလျက်ရှိပါတယ်။ ကျောင်းသင်ဘာသာရပ်အဖြစ် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင် ပတ်ဝန်းကျင်သန့်ရှင်းသာယာပြီး ပတ်ဝန်းကျင်ကိုထိန်းသိမ်းသည့် အလေ့အကျင့်များရရှိစေရန် ထိန်းသိမ်းအစဉ်တို့ဝန်းကျင် သင်ယူမှုဧရိယာအောက်တွင်လည်း

ကောင်း၊ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် နိုင်ငံ့သားကောင်းများ၏ အရည်အသွေးများကို ရရှိစေရေး ပညာပေးလေ့ကျင့်မှုများတွင်လည်းကောင်း၊ အခြားကျောင်းသင်ဘာသာရပ်များတွင် ပေါင်းစပ်ထည့်သွင်း၍လည်းကောင်း၊ ကျောင်းကောင်စီအသင်း ငါးသင်းတာဝန်ခွဲ၍လည်းကောင်း၊ နိုင်ငံ့သားကောင်းသမီးမွန်များအဖြစ် လေ့ကျင့်ပျိုးထောင်ရာတွင် အမှိုက်များကိုစနစ်တကျစွန့်ပစ်စေ ရန် လေ့ကျင့်ပညာပေးမှုများပါဝင်သည့် ဘာသာရပ်များကိုစာတွေ့ လက်တွေ့နှင့်အတူ သင်ကြား လေ့ကျင့်ပေးလျက်ရှိပါတယ်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းပြီး School Sanitation and Hygiene Education (SSHE) အစီအစဉ်အရ လက်သန့်၊ အစာသန့်၊ ရေသန့်၊ အိမ်သာသန့်နှင့် ပတ်ဝန်းကျင်သန့်ဟူသော သန့်ငါးသန့်ကိုအကောင်အထည်ဖော်ရာတွင် ပတ်ဝန်း ကျင်သန့်သည် အမှိုက်များကိုစနစ်တကျစွန့်ပစ်ရေး၊ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်း သာယာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံချက်မြို့နယ်များတွင် လေ့ကျင့်ပညာပေးအကောင်အထည်ဖော်လျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာရေး၏ အဓိကရည်မှန်းချက်မှာ တာဝန်သိ သော၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာသော နိုင်ငံ့သားကောင်းသမီးမွန်များ မွေးထုတ်ပေးရေးဖြစ်ပါ သဖြင့် မူလတန်းကျောင်းများမှစတင်၍ စာသင်ကျောင်းများတွင် အမှိုက်များစနစ်တကျစွန့်ပစ်ရေး အတွက် ပညာပေးနေမှုနှင့် လေ့ကျင့်ဆောင်ရွက်နေမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော ဥပဒေဘာသာပြန်၊ ကော်မရှင်ဥပဒေကြမ်းကို ၁၄-၁၀- ၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူ ကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း

ကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၊ ဥက္ကဋ္ဌရဲ့တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်(ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်သစ်)က တင်သွင်းသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ၂၂-၉-၂၀၁၄ ရက်နေ့တွင် စတင် တင်သွင်းပြီး ၁၃-၁၀-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကိုလိုနီခေတ်မှစတင်၍ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယနေ့တိုင် တည်ရှိကျင့်သုံးနေသော တည်ဆဲဥပဒေအားလုံးကို ပြည်သူတစ်ရပ်လုံး ရှင်းလင်းလွယ်ကူစွာ လေ့လာသိရှိပြီး လိုက်နာကျင့်သုံးနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်(ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်)က အောက်ဖော်ပြပါ ရည်ရွယ်ချက်များအတိုင်း ပြုစုရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) မြန်မာဘာသာသို့ ပြန်ဆိုရန်၊

(ခ) အချို့သော ဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဝေါဟာရများ ပြန်ဆိုထားရှိရန်၊

(ဂ) ဥပဒေဝေါဟာရ အဘိဓာန်ပြုစုရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၇-၁၀-၂၀၁၄ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေကြမ်းတွင် အခန်းပေါင်း(၆)ခန်းနှင့် ပုဒ်မပေါင်း (၁၅) ခု ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၁၀)ချက်အား သဘောတူလက်ခံပါသည်။

(ဂ) ဥပဒေခေါင်းစီးရှိ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဆိုသည့်စကားရပ်အား ပယ်ဖျက်ပါသည်။

(ဃ) အခန်း(၂) ရည်ရွယ်ချက်အခန်းအား နိဒါန်းအဖြစ် ပြင်ဆင်ပါသည်။

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများအားလုံးကို အများပြည်သူ ပိုမိုသိရှိနားလည်စေရေးအတွက် မြန်မာဘာသာသို့ ပြန်ဆိုရန်နှင့် ထူးခြားသောဥပဒေဆိုင်ရာ အင်္ဂလိပ်ဝေါဟာရများကို ယင်းနှင့်အဓိပ္ပာယ်တူညီသည့် မြန်မာဝေါဟာရများအဖြစ်သို့ ဘာသာပြန်ဆိုထားရှိရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(င) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)အဖြစ် နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်ဟု အသစ်ဖြည့်စွက်သဖြင့် ဤဥပဒေတွင် ပါရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုသည့်စကားရပ်များအား နိုင်ငံတော်ဟုအသီးသီးပြင်ဆင်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) နှင့် (ဂ) တို့အား ပယ်ဖျက်ပါသည်။

**မူကြမ်း**

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)အား အပိုဒ်ခွဲ(ဂ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းအပိုဒ်ရှိ စကားရပ်စုတစ်ခုခုကို ဆိုသည့်စကားရပ်အား စကားစုတစ်ခုခုကိုဟု ပြင်ဆင်၍ပါပါသည်။

(ဇ) အခန်း(၂) ရည်ရွယ်ချက်အား နိဒါန်းအဖြစ် ပြောင်းရွှေ့ပြင်ဆင်သဖြင့် ပယ်ဖျက်ပါသည်။

(ဈ) အခန်း(၃)အား အခန်း(၂) အဖြစ် ကော်မရှင်ဖွဲ့စည်းခြင်းဟု ပြင်ဆင်ပြီး အပိုဒ် ၄ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။ ပြည်ထောင်စုရှေ့နေချုပ်သည် ကော်မရှင်ဖွဲ့စည်းနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

(ည) အပိုဒ် ၄ အပိုဒ်ခွဲ(ဆ)အား အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းအပိုဒ်ရှိ ပါမောက္ခနှစ်ဦး ဆိုသည့်စကားရပ်အား ပါမောက္ခသုံးဦးဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၅ အား အပိုဒ် ၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ နိုင်ငံတော်သမ္မတသည်-

(က) ပုဒ်မ ၃ အရ ပြည်ထောင်စုရှေ့နေချုပ်က တင်ပြသော ပုဂ္ဂိုလ်များဖြင့် အဖွဲ့ဝင် ဦးရေ ၂၁ ဦးပါဝင်သော ကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကော်မရှင်ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

(ဌ) အပိုဒ် ၇ အား အပိုဒ် ၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းအပိုဒ်ရှိ ပြည်သူ့ဝန်ထမ်း ဆိုသည့် စကားရပ်အား နိုင်ငံ့ဝန်ထမ်း ဟု ပြင်ဆင်သဖြင့် ဤဥပဒေတွင် ပါရှိသော ပြည်သူ့ဝန်ထမ်း ဆိုသည့်စကားရပ်များအား နိုင်ငံ့ဝန်ထမ်း ဟုပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၈ အား အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၇။ ကော်မရှင်၏ သက်တမ်းသည် နိုင်ငံတော်သမ္မတက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

(ပ) အခန်း (၄) အား အခန်း (၃) အဖြစ် ပြင်ဆင်၍ အပိုဒ် ၉ အား အပိုဒ် ၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ (က) နှင့် အပိုဒ်ခွဲ(ခ)တို့အား အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၈။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဘာသာပြန်ဆိုရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်များ သတ်မှတ်ခြင်း၊

(ခ) ဘာသာပြန်ဆိုရေးလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဏ) အပိုဒ် ၉ အပိုဒ်ခွဲ(ခ)အား အပိုဒ် ၈ အပိုဒ်ခွဲ(ဃ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းအပိုဒ်ရှိ ကျွမ်းကျင်သူများ ဆိုသည့် စကားရပ်အား ပယ်ဖျက်ပါသည်။

(တ) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)အား အပိုဒ် ၈ အပိုဒ်ခွဲ(င)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းအပိုဒ်ရှိ အချို့ကိစ္စများကို ဆိုသည့် စကားရပ်အား ကိစ္စရပ်များတွင် ဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၉ အပိုဒ်ခွဲ(ဃ) အား အပိုဒ် ၈ အပိုဒ်ခွဲ(စ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) ဘာသာပြန်ဆိုမည့် ဥပဒေတွင် ပြင်ဆင်ချက်များရှိလျှင် ယင်းပြင်ဆင်ချက်များ ပြည့်စုံစွာပါရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ကို ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဒ) အပိုဒ် ၉ အပိုဒ်ခွဲ(င) အား အပိုဒ် ၈ အပိုဒ်ခွဲ(ဆ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းအပိုဒ်ရှိ ကော်မရှင်ကလည်းကောင်း ဆိုသည့်စကားရပ်အား မိမိနှင့်ဟုလည်းကောင်း၊ အကြံပေးကော်မတီကလည်းကောင်း ပြန်ဆိုထားသည့်ဆိုသည့် စကားရပ်အား အကြံပေးကော်မတီတို့၏ဟု ပြင်ဆင်ပါသည်။

(ဓ) အပိုဒ် ၉ အပိုဒ်ခွဲ(စ) အား ပယ်ဖျက်ပါသည်။

(န) အပိုဒ် ၉ အပိုဒ်ခွဲ(ဆ)အား အပိုဒ် ၈ အပိုဒ်ခွဲ(ဇ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းအပိုဒ်ရှိ ပေးပို့ထိန်းသိမ်းခြင်းဆိုသည့်စကားရပ်အား ထိန်းသိမ်းရန်ပေးပို့ခြင်းဟု ပြင်ဆင်ပါသည်။

(ပ) အပိုဒ် ၉ အပိုဒ်ခွဲ(ဇ)အား အပိုဒ် ၈ အပိုဒ်ခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) ဥပဒေဝေါဟာရအဘိဓာန်ကို ကော်မရှင်၏ သက်တမ်းကာလအတွင်း အစဉ်တစိုက်ဖြည့်စွက်ပြင်ဆင်ခြင်း၊

(ဖ) အခန်း (၅) အား အခန်း (၄) အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၁၀။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၉ အရ ကော်မရှင်က မူစစ်မှုမှန်ဖြစ်ကြောင်း ကြေညာပြီးသော မြန်မာဘာသာပြန်ဥပဒေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော မူလဥပဒေနှင့် အလားတူ အာဏာတည်ကြောင်း ထုတ်ပြန်ကြေညာနိုင်သည်။

(ဗ) အခန်း(၅) အပိုဒ် ၁၁ ရှိ ထူးခြားသော အင်္ဂလိပ်ဝေါဟာရနှင့် ဆိုသည့် စကားရပ်အား ထူးခြားသော ဥပဒေဆိုင်ရာ အင်္ဂလိပ်ဝေါဟာရနှင့်ဟု ပြင်ဆင်ပါသည်။

(ဘ) အခန်း(၆)အား အခန်း (၅)အဖြစ် ပြင်ဆင်၍ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ကော်မရှင်နှင့် ကော်မရှင်ကဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(မ) အပိုဒ် ၁၂ အပိုဒ်ခွဲ (ခ)အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များအတွက် သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့်စရိတ်ကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

(ယ) အပိုဒ် ၁၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၃။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ကော်မရှင်နှင့် လုပ်ငန်းအဖွဲ့များအတွက် ကျခံသုံးစွဲရမည့် စရိတ်များကို ရန်ပုံငွေရရှိရန် နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာငွေစာရင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တောင်းခံရမည်။

(ရ) အပိုဒ် ၁၄ အား ပယ်ဖျက်ပါသည်။

(လ) အပိုဒ် ၁၅ ရှိ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ ဆိုသည့် စကားရပ်အား ပယ်ဖျက်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါသည်။ ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်း အဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**